# ပြစ်မှုကျူးလွန်သည့် ရာဇဝင် မှတ်တမ်း (ရဲမှတ်တမ်း စစ်ဆေးမှု)

ကလေးများ၊ လူငယ်များနှင့် အလုပ်လုပ်ရန် နှင့်/သို့မဟုတ် စေတနာ့ဝန်ထမ်း လုပ်ကိုင်ရန် ပုဂ္ဂိုလ်တစ်ဦးဦး၏ သင့်လျော်မှုကို အကဲဖြတ်ရာတွင် အသုံးပြုနိုင်သည့် အရေးပါသော အချက်အလက်များ (ကလေးများနှင့် လုပ်ကိုင်မှု စစ်ဆေးမှု (Working with Children Check) အပြင်) ကို ရဲမှတ်တမ်း စစ်ဆေးမှု (Police Record Check)က ပေးအပ်သည်။ ပြစ်မှုကျူးလွန်သည့် ရာဇဝင် အချက်အလက်များကို အကဲဖြတ်မှုမှာ အဖွဲ့အစည်း တစ်ခုခုက သိရှိလျက်နှင့် ကလေးများ သို့မဟုတ် လူငယ်များကို ၎င်းတို့အတွက် အန္တရာယ် ကျရောက်နိုင်သည့် ပုဂ္ဂိုလ်တစ်ဦးထံ အပ်နှံပေးမည် မဟုတ်ကြောင်း သေချာစေမည့် အရေးကြီးသည့် အန္တရာယ် စီမံခန့်ခွဲရေး မဟာဗျူဟာ တစ်ခုဖြစ်သည်။

ရာဇဝတ် ပြစ်မှု စီရင်ချက် အချက်အလက်များကို အခြေခံထားသော ပြစ်မှုကျူးလွန်သည့် ရာဇဝင် မှတ်တမ်းများမှာ အမှန်တကယ် ပြစ်မှုကျူးလွန်မှု ဖြစ်ပွားမှု ကြိမ်ရေကို လျှော့ပြီး တွက်တတ်သည်။ ကလေးများ၊ လူငယ်များနှင့် အရွယ်ရောက်သူ အများစုတို့သည် ၎င်းတို့ အလွဲသုံးစား ခံခဲ့ရခြင်းကို ထုတ်ဖော်ခြင်း သို့မဟုတ် အာဏာပိုင်များထံသို့ တိုင်ကြားခြင်း မပြုလုပ်ကြသောကြောင့် ကလေးများအား လိင်ပိုင်းဆိုင်ရာ ပြစ်မှုကျူးလွန်သူများသည် ဖမ်းဆီးခြင်းကို မည်သည့်အခါမျှ မခံရဘဲ ဆက်လက် ကျူးလွန်ရန် အခွင့်ရရှိကြသည်။ သို့ဖြစ်၍ ရဲမှတ်တမ်း စစ်ဆေးမှုများမှာ ကလေးများနှင့် လူငယ်များအား ကာကွယ်ပေးရန် CAM ၏ ပိုမိုကျယ်ပြန့်သည့် ချဉ်းကပ်မှု၏ အစိတ်အပိုင်း တစ်ခုဖြစ်သည်။

ပြစ်မှုကျူးလွန်သည့် မှတ်တမ်း တစ်ခုမှာ ပုဂ္ဂိုလ်တစ်ဦးဦးကို Archdiocese တွင် စေတနာ့ဝန်ထမ်း လုပ်ကိုင်မှုမှ အလိုအလျောက် ပစ်ပယ်မှု မဟုတ်ဘဲ အကဲခတ်ရေး လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်ကြောင်းကို သတိပြုရန် အရေးကြီးသည်။

ကလေး၏ လုံခြုံရေး ရှုထောင့်မှ ကြည့်လျှင် ပြစ်မှုကျူးလွန်သည့် မှတ်တမ်း အချက်အလက်များမှာ ပုဂ္ဂိုလ်တစ်ဦးကို အောက်ပါအတွက် အကဲခတ်ရာတွင် အသုံးဝင်ပါသည်။

- ကလေးများနှင့် လူငယ်များ (နှင့် အခြားသူများ)အတွက် အန္တရာယ် ဖြစ်နိုင်ပါသလား။
- အခန်းကဏ္ဍတစ်ခု၏ ပင်ကို တောင်းဆိုချက်များကို ထမ်းဆောင်ရန်အတွက် မသင့်လျော်သလား။

ပုဂ္ဂိုလ်တစ်ဦးဦးသည် အခန်းကဏ္ဍတစ်ခုအတွက် ပင်ကို သို့မဟုတ် မရှိမဖြစ်လိုအပ်သော တောင်းဆိုချက်များကို ထမ်းဆောင်နိုင်စွမ်း မရှိကြောင်း တွေ့ရှိခြင်းမှာ ထိုသူအား ခွဲခြားဆက်ဆံသည့် လုပ်ဆောင်ချက် မဟုတ်ပါ။

**မယ်လ်ဘုန်း Archdiocese သည် ကလေးများ၊ လူငယ်များနှင့် ထိရှလွယ်သည့် သက်ကြီးများ အားလုံးတို့၏ ဘေးကင်းလုံခြုံရေး၊ ဘဝချမ်းမြေ့ရေးနှင့် သိက္ခာလေးစားရေးကို သန္နိဋ္ဌာန် ချထားသည်။**

# ပြစ်မှုကျူးလွန်သည့် ရာဇဝင် မှတ်တမ်း (ရဲမှတ်တမ်း စစ်ဆေးမှု)

## သာဓက

ဘာသာရေး အုပ်စုတစ်စုက အနီးရှိ အထက်တန်းကျောင်းမှ လူငယ်များကို ရပ်ကွက်စင်တာသို့ ပို့ဆောင်ပေးလျက် အိမ်မဲ့ကလေးများကို ထမင်းကျွေးပေးနိုင်ရန် ဘတ်စ် ယာဉ်မောင်းအား ခန့်ထားရေးကို စဉ်းစားနေသည်။ Working with Children Check လုပ်ငန်းစဉ် တစ်ခုဖြစ်သည့် တွေ့ဆုံမေးမြန်းခြင်း နှင့် စနစ်တကျ ရရှိထားသည့် ဗီတိုရီးယား ယာဉ်မောင်း လိုင်စင် (Victorian Driver's Licence) ရှိခြင်း အပြင် ထိုဘာသာရေး အုပ်စုက ယာဉ်မောင်းအတွက် ရွေးလိုက်မည့် ပုဂ္ဂိုလ်သည် မိမိ၏ တာဝန်များကို ဘေးကင်းလုံခြုံစွာ ထမ်းဆောင်နိုင်သူ ဖြစ်ကြောင်းကိုပါ သေချာစေလိုသည်။

စေတနာ့ဝန်ထမ်း အဖွဲ့က လျှောက်ထားသူတို့၏ သင့်လျော်မှုကို အကဲဖြတ်ရာတွင် အထောက်အကူပြုရန် ပြစ်မှုကျူးလွန်သည့် ရာဇဝင် အချက်အလက်များက ဆက်စပ်မှုရှိသည့် ထပ်ဆောင်း အချက်အလက်များကို ပေးနိုင်သည်။ လျှောက်ထားသူတို့၏ သင့်လျော်မှုကို အကဲဖြတ်ရာတွင် စေတနာ့ဝန်ထမ်း အဖွဲ့သည် 'လူငယ်များကို ဘေးကင်းလုံခြုံစွာ' ရပ်ကွက်စင်တာသို့ ပို့ဆောင်ပေးရန် အလားအလာအများဆုံး လျှောက်ထားသူကို ရွေးချယ်ရန် လိုအပ်ပါမည်။ လျှောက်ထားသူတို့ကို တွေ့ဆုံမေးမြန်းခြင်း ပြုလုပ်ရာတွင်၊ ယာဉ်မောင်းနှင်မှုဆိုင်ရာ ပြစ်မှုကျူးလွန်သည့် ရာဇဝင် အချက်အလက်များမှာ ယင်းဘာသာရေး အုပ်စုအား ရွေးချယ်နိုင်အောင် ထောက်ကူပေးနိုင်ပါမည်။

## မည်သူတို့က ရဲမှတ်တမ်း စစ်ဆေးမှုကို ပြုလုပ်ခံရန် လိုအပ်ပါသလဲ။

CAM ဓမ္မဆရာနှင့် ဝန်ထမ်းအားလုံးသည် ရဲမှတ်တမ်း စစ်ဆေးမှုကို ပြုလုပ်ခံကြရန် လိုအပ်ပါသည်။

Archdiocese သာသနာတော် အုပ်စု၊ အေဂျင်စီ နှင့် အဖွဲ့အစည်း အားလုံးမှ စေတနာ့ဝန်ထမ်း အားလုံးတို့သည် WWCC ကို ပြုလုပ်ရန် လိုအပ်သော်လည်း၊ စေတနာ့ဝန်ထမ်း အားလုံး ရဲမှတ်တမ်း စစ်ဆေးမှုကို ပြုလုပ်ရန် မလိုအပ်ပါ။ Archdiocese သာသနာတော် အုပ်စု၊ အေဂျင်စီ နှင့် အဖွဲ့အစည်းမှ ကလေးများနှင့် လူငယ်များအတွက် မြင့်မားသည့် အန္တရာယ်ဖြစ်နိုင်ကြောင်း ယူဆရသည့် သတ်သတ်မှတ်မှတ်ဖြစ်သည့် အခန်းကဏ္ဍများ နှင့်/သို့မဟုတ် လုပ်ငန်းများတွင် စေတနာ့ဝန်ထမ်း လုပ်ကိုင်ရန် လျှောက်ထားသူတို့သည် ရဲမှတ်တမ်း စစ်ဆေးမှုကို ခံယူကြရပါမည်။

သာသနာတော် အုပ်စု၊ အေဂျင်စီ နှင့် အဖွဲ့အစည်း၏ ဘေးကင်းလုံခြုံရေး ကော်မတီများ (Safeguarding Committees) သည် စေတနာ့ဝန်ထမ်းများ ထမ်းဆောင်ကြရမည့် သတ်သတ်မှတ်မှတ်ဖြစ်သည့် အခန်းကဏ္ဍများ နှင့်/သို့မဟုတ် လုပ်ငန်းများအတွက် ရဲမှတ်တမ်း စစ်ဆေးမှု ပြုလုပ်ရန် လိုမလိုကို ဆုံးဖြတ်နိုင်ရန် စေတနာ့ဝန်ထမ်း အခန်းကဏ္ဍ တစ်ခုချင်းစီအလိုက် ပင်ကို လိုအပ်ချက်များနှင့် ကလေးများနှင့် လူငယ်များအတွက် ရှိနိုင်ခြေ အန္တရာယ်များကို ထည့်စဉ်းစားရန် လိုအပ်သည်။

**မယ်လ်ဘုန်း Archdiocese သည် ကလေးများ၊ လူငယ်များနှင့် ထိရှလွယ်သည့် သက်ကြီးများ အားလုံးတို့၏ ဘေးကင်းလုံခြုံရေး၊ ဘဝချမ်းမြေ့ရေးနှင့် သိက္ခာလေးစားရေးကို သန္နိဋ္ဌာန် ချထားသည်။**

# ပြစ်မှုကျူးလွန်သည့် ရာဇဝင် မှတ်တမ်း (ရဲမှတ်တမ်း စစ်ဆေးမှု)

ရဲမှတ်တမ်း စစ်ဆေးမှု ပြုလုပ်ရန် လိုအပ်နိုင်သည့် စေတနာ့ဝန်ထမ်းများ ထမ်းဆောင်ကြသည့် အခန်းကဏ္ဍများမှ သာဓက အချို့

- ယာဉ်မောင်း၊
- အိမ်သို့ သွားရသူ၊
- ပြုစုစောင့်ရှောက်ရေး အထူးနေရာများ (ဥပမာ၊ ဒုက္ခသည်များ၊ ဆေးရုံများ၊ စောင့်ရှောက်ရေး အိမ်များ) သို့ သွားရသူ၊
- ရပ်ကွက်ဆိုင်ရာ ပံ့ပိုးရေး အေဂျင်စီများကို သွားရသူ(ဥပမာ၊ မသန်စွမ်းသူ ပံ့ပိုးရေး စင်တာများ)၊
- ညအိပ်သွားလာရမှုများ (ဥပမာ၊ စခန်းများ၊ ပြည်နယ်များအကြား သို့မဟုတ် နိုင်ငံခြား ခရီးစဉ်များ)၊
- မိသားစုများ၊ ကလေးများ နှင့် လူငယ်များ ဆိုင်ရာ ကိုယ်ရေး အချက်အလက်များကို အသုံးပြုရသည့် မှတ်တမ်းများ နှင့်/သို့မဟုတ် ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊

သာသနာတော် အုပ်စု၊ အေဂျင်စီနှင့် အဖွဲ့အစည်း၏ Safeguarding Committees သည် စေတနာ့ဝန်ထမ်း အထူး အခန်းကဏ္ဍများအတွက် ရဲမှတ်တမ်း စစ်ဆေးမှု လိုအပ် မလိုအပ်ကို ဆုံးဖြတ်ရာတွင် အကူအညီ လိုအပ်ပါက ကျွမ်းကျင်မှု စံနှုန်းများ ယူနစ် (Professional Standards Unit) ထံမှ အကြံဉာဏ် ရယူရန် တိုက်တွန်းပါသည်။

## ရဲမှတ်တမ်း စစ်ဆေးမှု ဘယ်တော့ လိုအပ်ပါသလဲ။

ရဲမှတ်တမ်း စစ်ဆေးမှုကို တာဝန်စစချင်း နှင့် ၃ နှစ်တိုင်းမှာ ပြုလုပ်ရန် လိုအပ်သည်။
အချိန်ကာလအရ၊ ရဲမှတ်တမ်း စစ်ဆေးမှုကို မရရှိမီတွင်၊ သက်ဆိုင်သူသည် ပြစ်မှုကျူးလွန်သည့် ရာဇဝင် အခြေအနေ ကြေညာချက် ပုံစံကို ရေးဖြည့်ရပါမည်။

## ဆက်စပ်မှုရှိသည့် ပြစ်မှုကျူးလွန်သည့် ရာဇဝင်ဆိုင်ရာ အချက်အလက်များကို ဖွင့်ပြောရန် ယူရသည့် တာဝန်

ထို့အပြင် နောက်တစ်ကြိမ် ရဲမှတ်တမ်း စစ်ဆေးမှု မရောက်မီ ကြားကာလအတွင်းမှာ ရဲမှတ်တမ်း စစ်ဆေးမှုကို ပြုလုပ်ရန် တာဝန်ရှိသူတို့သည် ၎င်းတို့၏ 'အလုပ်ရှင်' အား အောက်ပါတို့ဖြစ်သော သို့မဟုတ် ဖြစ်ကြောင်း အကျိုးအကြောင်းရှိသော ရာဇဝတ် ပြစ်မှုဖြင့် တရားစွဲခံခဲ့ရခြင်း သို့မဟုတ် ရုံးတင်စီရင်ခံခဲ့ရခြင်းကို အသိပေးရန် လိုအပ်ပါသေးသည်။

- ၎င်းတို့၏ အလုပ်ရာထူးနှင့် ဆက်စပ်မှုရှိသော
- ၎င်းတို့၏ အလုပ်ရာထူးဆိုင်ရာ တောင်းဆိုချက်နှင့် ဆက်စပ်မှုရှိသော
- ကလေးများနှင့် လူငယ်များအတွက် အန္တရာယ် ပြုရာကျရောက်နိုင်သော.
- ဆက်စပ်မှုရှိသော တရားစွဲခံရမှုများ နှင့် ရုံးတင်စီရင်ခံရမှုများကို ဖွင့်ပြောရန် တောင်းဆိုချက်ကို ကျင့်ဝတ်စည်းမျဉ်း(Code of Conduct) တွင် ထည့်သွင်းထားသည်။

**မယ်လ်ဘုန်း Archdiocese သည် ကလေးများ၊ လူငယ်များနှင့် ထိရှလွယ်သည့် သက်ကြီးများ အားလုံးတို့၏ ဘေးကင်းလုံခြုံရေး၊ ဘဝချမ်းမြေ့ရေးနှင့် သိက္ခာလေးစားရေးကို သန္နိဋ္ဌာန် ချထားသည်။**

# ပြစ်မှုကျူးလွန်သည့် ရာဇဝင် မှတ်တမ်း (ရဲမှတ်တမ်း စစ်ဆေးမှု)

## ပြစ်မှုကျူးလွန်သည့် ရာဇဝင် အချက်အလက်များအတွက် ဆန်းစစ်ရေး လုပ်ငန်းစဉ်

ပြစ်မှုကျူးလွန်သည့် မှတ်တမ်း အချက်အလက်များ အားလုံးကို၊ တနည်း၊ ဖွင့်ထုတ်ပြောဖြစ်သည့် ရလဒ်များကို၊ တင်းကျပ်စွာ လျှို့ဝှက်သိမ်းဆည်းထားပေးမည်။

ဤလုပ်ငန်းစဉ် အတွင်းမှာ ရာဇဝတ် ပြစ်မှုများဆိုင်ရာ မှတ်တမ်းကို သိရှိလာခဲ့ရလျှင် ထိုအကြောင်းကို ပို့ပေးသွားမည်မှာ

- ကလေးများ၊ လူငယ်များနှင့် အခြားသူတို့အား အန္တရာယ် ဖြစ်နိုင်ဖွယ် တရားရုံးစီရင်ချက်များ နှင့် တရားစွဲမှုများကို အကဲဖြတ်နိုင်ရန် ကျွမ်းကျင်မှု စံနှုန်းများ ယူနစ် နှင့် လူစွမ်းအားရင်းမြစ်များထံ၊
- ဓမ္မဆရာ အဖွဲ့ဝင်များအတွက် ဓမ္မဂိုဏ်းချုပ် နှင့် ကျွမ်းကျင်မှု စံနှုန်းများ ယူနစ်ထံ၊

ပြစ်မှုကျူးလွန်သည့် ရာဇဝင် အချက်အလက်များအား အကဲဖြတ်မှုကို အောက်ပါ မှုများကို အခြေခံ ပြုလုပ်သွားမည်

- ပြစ်မှု(များ)မှာ အခန်းကဏ္ဍဆိုင်ရာ တောင်းဆိုချက်များနှင့် ဆက်စပ်မှုရှိနေခြင်း၊
- ပြစ်မှု(များ)၏ သဘာဝ နှင့် သက်ဆိုင်ရာ အခန်းကဏ္ဍ နှင့် CAM သာသနာတော် အုပ်စု၊ အေဂျင်စီ သို့မဟုတ် အဖွဲ့အစည်း၏ တန်ဖိုးများနှင့် ဆက်စပ်နေပုံ၊
- အခန်းကဏ္ဍ နှင့် ၎င်းက ကလေးများ၊ လူငယ်များ နှင့် ထိရှလွယ်သူများနှင့် ပါဝင်ပတ်သက်နေပုံ၊
- ကလေးများ၊ လူငယ်များ နှင့် ထိရှလွယ်သူများအတွက် ဖြစ်နိုင်ခြေ အန္တရာယ်များ၊
- နောက်ဆုံး မကြာမီ ပြစ်မှုနောက် ကုန်ဆုံးသွားသည့် အချိန်ကာလ၊
- ပြစ်မှုကျူးလွန်သည့် ရာဇဝင်၏ နယ်ပယ် (ဥပမာ၊ အပြုအမူ ပုံစံတစ်ခုခုကို ညွှန်ပြနေသော အချိန်ကြာလာပြီ ဖြစ်သည့် ပြစ်မှုကျူးလွန်သည့် ရာဇဝင်ဖြစ်ကြောင်း အထောက်အထား ရှိသလား)၊
- ပြစ်မှုများ၏ အရေအတွက်နှင့် ကြိမ်နှုန်း (အပြုအမူ ပုံစံတစ်ခုခုကို သတ်မှတ်ရန် အတွက်)၊
- ပြစ်မှု(များကို) သက်ကြီးအဖြစ် သို့မဟုတ် လူငယ်အဖြစ် ကျူးလွန်ခဲ့သလား၊
- စီရင်ချက် ချမှတ်ခဲ့သည့် ပြစ်ဒဏ်၏ ပြင်းထန်မှု၊
- ထိုပြစ်မှုမှာ ရာဇဝတ်မှု မြောက်နေတုန်းပဲလား သို့မဟုတ် ပြစ်မှုကို ရာဇတ်မှုအဖြစ်မှ ပယ်ဖျက်လိုက်ပြီလား၊
- ယင်းပြစ်မှု(များ)ကို ကျူးလွန်ခဲ့သည့် နောက်ပိုင်း ထိုပုဂ္ဂိုလ်၏ အကျင့်စာရိတ္တ၊
- ထည့်သွင်းစဉ်းစားရမည့် ပြစ်မှုလျော့ပေါ့ရေး ဆက်စပ်မှုရှိနိုင်သည့် အခြား အချက်များ၊

ဓမ္မဆရာများ၊ ဝန်ထမ်းများ နှင့် စေတနာ့ဝန်ထမ်းများအား စိုးရိမ်ဖွယ်ရာ အကြောင်းအရာများ နှင့် ရဲမှတ်တမ်း စစ်ဆေးမှု လုပ်ငန်းစဉ်အရ ဖွင့်ထုတ်ပြောခဲ့သည့် အချက်အလက်များကို စာရေး အကြောင်းကြားပေးမည် ဖြစ်ပြီး အချက်အလက်များကို ရှေ့ဆက် တင်ပြပေးရန် သို့မဟုတ် ဖွင့်ထုတ်ပြောခဲ့သည့် ရလဒ်များကို ချေပတင်ပြရန် အခွင့်အလမ်းကို စီစဉ်ပေးသွားပါမည်။

**မယ်လ်ဘုန်း Archdiocese သည် ကလေးများ၊ လူငယ်များနှင့် ထိရှလွယ်သည့် သက်ကြီးများ အားလုံးတို့၏ ဘေးကင်းလုံခြုံရေး၊ ဘဝချမ်းမြေ့ရေးနှင့် သိက္ခာလေးစားရေးကို သန္နိဋ္ဌာန် ချထားသည်။**

# ပြစ်မှုကျူးလွန်သည့် ရာဇဝင် မှတ်တမ်း (ရဲမှတ်တမ်း စစ်ဆေးမှု)

အောက်ပါတို့ကို ဆုံးဖြတ်ရန် CAM သည် အန္တရာယ် အကဲဖြတ်ရေး လုပ်ငန်းစဉ်ကို ပြုလုပ်မည်။

- ထိုပုဂ္ဂိုလ်သည် အခန်းကဏ္ဍဆိုင်ရာ ပင်ကို တောင်းဆိုချက်များကို ပြည့်မီနိုင်စွမ်း ရှိမရှိ၊
- ကလေးများ၊ လူငယ်များအတွက် ဖြစ်နိုင်ခြေ အန္တရာယ်၊
- ထိုပုဂ္ဂိုလ်ကို ၎င်း၏ ရာထူးမှာ ခန့်အပ်နိုင် သို့မဟုတ် ဆက် လုပ်ကိုင်စေမည်လား၊

ပုဂ္ဂိုလ်အား အန္တရာယ် အကဲဖြတ်မှု ရလဒ်ကို စာရေး အကြောင်းကြားမည် ဖြစ်ပြီး ၎င်းတို့က ၎င်းတို့၏ ရာထူးမှာ ဆက်လုပ်ကိုင် မရနိုင်လျှင် ကူညီရန် စီစဉ်ပေးပါမည်။

## ယခင်က နိုင်ငံခြား တိုင်းပြည်များတွင် နေထိုင်ခဲ့သူများအတွက် လိုအပ်ချက်များ

လွန်ခဲ့သည့် ငါးနှစ်ကာလ အတွင်းမှာ 12 လ သို့မဟုတ် ပိုကြာအောင် ဩစတြေးလျနိုင်ငံ၏ ပြင်ပတွင် နေထိုင်ခဲ့ကြသူများသည် နိုင်ငံသားအဖြစ် ခံယူထားသည့် နိုင်ငံတိုင်းအတွက် နှင့် လျှောက်ထားသူ 12 လ သို့မဟုတ် ပိုကြာအောင် နေထိုင်ခဲ့ဖူးသည့် နိုင်ငံတိုင်းထံမှ ပြစ်မှု မှတ်တမ်း စစ်ဆေးလွှာကို ရယူရန် လိုအပ်ပါမည်။

ယင်းလိုအပ်ချက်များကို လိုက်နာကြရမည်မှာ

- အလုပ်သမားများ၊
- အလုပ်ရရှိရန် လျှောက်ထားသူများ၊
- စေတနာ့ဝန်ထမ်း အထူး အခန်းကဏ္ဍများ –စေတနာ့ဝန်ထမ်းများ အတွက် ပြစ်မှု မှတ်တမ်း စစ်ဆေးလွှာ ဆိုင်ရာ လိုအပ်ချက်များကို ကြည့်ရှုပါ၊
- ရွှေ့ပြောင်း ဘုန်းကြီးများ၊
- ဘုန်းကြီးများ၊
- နိုင်ငံခြားတွင် ကျမ်းစာကို ဆည်းပူးခဲ့ဖူးကြသည့် ဆရာတော်များ၊
- ညီ့ ဓမ္မဆရာများ၊

ပြစ်မှု မှတ်တမ်း စစ်ဆေးလွှာကို နိုင်ငံတစ်ခုခုထံမှ မရယူနိုင်လျှင်၊ နိုင်ငံခြားရေး ဌာန (Department of Foreign Affairs) ၏ အကြံပေးချက်နှင့်အညီ၊ နိုင်ငံခြားတွင် ပြစ်မှု မှတ်တမ်း စစ်ဆေးလွှာကို ရယူရန် အားထုတ်ခဲ့ကြောင်းကို ဖော်ပြပါရှိသော အခြေအနေဆိုင်ရာ ကြေညာချက်ကို ရယူရန် နှင့် လိင်ပိုင်း၊ အကြမ်းဖက်မှု သို့မဟုတ် မူးယစ်ဆေးဆိုင်ရာ ပြစ်မှုများနှင့် ဆက်စပ်လျက် တရားစွဲမှုများ သို့မဟုတ် ကျခံပြီးသွားသည့် ပြစ်ဒဏ်များကို ဖွင့်ထုတ် ကြေညာရန် လိုအပ်ပါသည်။

**မယ်လ်ဘုန်း Archdiocese သည် ကလေးများ၊ လူငယ်များနှင့် ထိရှလွယ်သည့် သက်ကြီးများ အားလုံးတို့၏ ဘေးကင်းလုံခြုံရေး၊ ဘဝချမ်းမြေ့ရေးနှင့် သိက္ခာလေးစားရေးကို သန္နိဌာန် ချထားသည်။**

# ပြစ်မှုကျူးလွန်သည့် ရာဇဝင် မှတ်တမ်း (ရဲမှတ်တမ်း စစ်ဆေးမှု)

## သာသနာတော် အုပ်စု၊ အေဂျင်စီ နှင့် အဖွဲ့အစည်း၏ နိုင်ငံတော် ပြစ်မှု မှတ်တမ်း စစ်ဆေးမှု ဆိုင်ရာ တာဝန်များ

Archdiocesan သာသနာတော် အုပ်စု၊ အေဂျင်စီ နှင့် အဖွဲ့အစည်းသည် ရဲစစ်ဆေးမှု စာတမ်း မူရင်းကို မြင်တွေ့ရန် နှင့် နိုင်ငံတော် ပြစ်မှု စစ်ဆေးလွှာ အားလုံးကို မှတ်တမ်းတင်ထားရန်၊ ပုဂ္ဂိုလ်၏ အမည်၊ မွေးသက္ကရာဇ်၊ ရာထူး၊ ရဲထောက်ခံစာ၏ ရည်ညွှန်း အမှတ်၊ ထုတ်ပေးခဲ့သည့် ရက်စွဲ နှင့် သက်တမ်း တိုးပေးခဲ့သည့် ရက်စွဲများ အပါအဝင်ကို မှတ်တမ်းတင်ပေးခြင်းဖြင့် ၃ နှစ်တိုင်းမှာ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် စစ်ဆေးလွှာများကို ရယူခဲ့ကြောင်း သေချာပါစေ။

ဆက်စပ် စာတမ်းများ နိုင်ငံတော် ရဲမှတ်တမ်း စစ်ဆေးမှု မူဝါဒ (National Police Record Check Policy)

CATHOLIC ARCHDIOCESE
OF MELBOURNE

Version 1: July 2019
Professional Standards Unit
psu@cam.org.au

မယ်လ်ဘုန်း Archdiocese သည် ကလေးများ၊ လူငယ်များနှင့် ထိရှလွယ်သည့် သက်ကြီးများ အားလုံးတို့၏ ဘေးကင်းလုံခြုံရေး၊ ဘဝချမ်းမြေ့ရေးနှင့် သိက္ခာလေးစားရေးကို သန္နိဋ္ဌာန် ချထားသည်။